# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၅)

## အင်တာနက် ဖြတ်တောက်ခြင်းအားဖြင့် လူထုလှုပ်ရှားမှုအရှိန် လျော့ကျသွားမည်မဟုတ်ဆိုသော အယူအဆ

### ဆိုလိုရင်းအနှစ်ချုပ်

စစ်အာဏာသိမ်းယူတဲ့ကာလတွေမှာ အာဏာသိမ်း စစ်တပ်တွေဟာ သူတို့ကိုဆန့်ကျင်တဲ့ လူထုအကြား ချိတ်ဆက်ပြီးလုပ်ဆောင်တဲ့ ဆန္ဒပြပွဲတွေ နည်းအောင် အင်တာနက်နဲ့ မိုဘိုင်းဖုန်းလိုင်းတွေကို အခါအားလျော်စွာ ဖြတ်တောက်လေ့ရှိပါတယ်။ သမားရိုးကျ အမြင်မှာတော့ အင်တာနက်ကို ဖြတ်တောက်လိုက်ရင် လူထုအကြား ချိတ်ဆက်မှုမလုပ်နိုင်တော့ဘဲ လမ်းပေါ်ထွက် ဆန္ဒပြတဲ့သူ အရေအတွက် လျော့သွားနိုင်တယ်လို့ ယူဆကောင်းယူဆပါလိမ့်မယ်။ ဒါပေမဲ့ နိုင်ငံရေးသိပ္ပံ သုတေသီတဦးဖြစ်တဲ့ Navid Hassanpour က အင်တာနက်နဲ့ မိုဘိုင်းဖုန်းလိုင်းတွေကို ဖြတ်လိုက်တိုင်း လမ်းပေါ်ထွက် ဆန္ဒပြတဲ့နေရာနဲ့ ဆန္ဒပြသူအရေအတွက် လျော့သွားစေနိုင်တာ မဟုတ်ဘူးလို့ သုတေသနစာတမ်းတစောင်မှာ ထောက်ပြခဲ့ပါတယ်။ အင်တာနက်နဲ့ မိုဘိုင်းဖုန်းလိုင်းတွေ ဖြတ်တောက်ခံရတဲ့အခါ အခြေအနေသုံးရပ်ကြောင့် လမ်းပေါ်ကို လူတွေ ပိုရောက်စေနိုင်ပါတယ်။ (၁) အွန်လိုင်းနဲ့ ဖုန်းဆက်သွယ်မှုအပေါ် အားပြုပြီး အဆက်အသွယ်လုပ်မယ့်အစား မျက်နှာချင်းဆိုင် ဆက်သွယ်မှုတွေကို ပိုပြီး အားပြုလာကြပါတယ်။ (၂) နိုင်ငံရေးကိစ္စတွေမှာ အရင်က အကျွမ်းတဝင် သိပ်ပြီးမရှိသူတွေ၊ စိတ်မဝင်စားသူတွေကိုတောင် ဆန္ဒထုတ်ဖော်မှုတွေမှာ ပါဝင်လာစေပါတယ်။ (၃) ဆန္ဒပြမှုတွေဟာ အရင်က တနေရာထဲ စုဝေးနေရာကနေ မြေပြင်မှာလုပ်တဲ့ ချိတ်ဆက်မှု ကွန်ရက်အသစ်တွေပေါ်လာပြီး နေရာအနှံ့အပြားကို ဖြန့်ထုတ်လိုက်နိုင်ပါတယ်။ ဒီအချက်က ဆန္ဒထုတ်ဖော်မှုတွေကို ဖြိုခွင်းဖို့ စောင့်ဆိုင်းနေသူတွေကို လှည့်စားမှုလုပ်ရာမှာ အသုံးဝင်ပါတယ်။

မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ဆယ်စုနှစ်အတွင်း အင်တာနက်သုံးစွဲမှု ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှာ သုံးစွဲသူ စုစုပေါင်း ၂၂ သန်းကျော် ရှိခဲ့ပါတယ် (Internet World Stats,2020)။ စီးပွားရေးလုပ်ငန်းတွေတင်မကဘဲ လူတဦးချင်းစီရဲ့ နိစ္စဓူဝ လုပ်ငန်းဆောင်တာတိုင်းမှာ အင်တာနက်က အရေးပါတဲ့ ဆက်သွယ်ရေးကိရိယာတခု ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ၂၀၂၁ ခုနှစ် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုမှာ အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံမှာလည်း အင်တာနက်ကတဆင့် ချိတ်ဆက်လှုပ်ရှား ဆောင်ရွက်မှုတွေ အားကောင်းခဲ့တာ ဖြစ်ပါတယ်။ အာဏာသိမ်းစစ်ကောင်စီကတော့ အာဏာသိမ်းခဲ့တဲ့နေ့ကစပြီး အများပြည်သူရဲ့ ရပိုင်ခွင့်တခုဖြစ်တဲ့ အင်တာနက်ဝန်ဆောင်မှုတွေကို တရစ်ပြီးတရစ် တိုးမြှင့်ဖြတ်တောက်ခဲ့ပါတယ်။ ဒီအခြေအနေမှာ အင်တာနက်ကို ဖြတ်တောက်လိုက်ခြင်းဖြင့် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုလုပ်နေတဲ့ ပြည်သူတွေအကြား ဆက်သွယ်မှု ပြတ်တောက်နိုင်စေတယ်ဆိုတာ မဟုတ်ဘူးဆိုတဲ့ အယူအဆကို အလေးထားအပ်တဲ့ အကြောင်းအချက်တခုအဖြစ် ဖော်ပြပါမယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၅)

အင်တာနက် ဖြတ်တောက်ခြင်းအားဖြင့် လူထုလှုပ်ရှားမှုအရှိန် လျော့ကျသွားမည်မဟုတ်ဆိုသော အယူအဆ

### ဘာကြောင့် အလေးထားသင့်သလဲ

လူထုတော်လှန်ရေးတွေမှာ အင်တာနက်၊ မိုဘိုင်းဖုန်းစနစ်တွေ အရေးပါခြင်းကို အသိအမှတ်ပြုကြပေမဲ့ ဒီစနစ်တွေကို ဖြတ်တောက်ပစ်တာနဲ့ လူထုလှုပ်ရှားမှုတွေ အရှိန်အဟုန် ရပ်တန့်မသွားဘူးဆိုတဲ့အပေါ် သုတေသနဖော်ထုတ်မှု နည်းသေးတာမို့ ကနဦး တွေ့ရှိချက်တွေကို အလေးထား လေ့လာသင့်ပါတယ်။ ၂၀၁၁ ခုနှစ်က အီဂျစ်နိုင်ငံမှာ ဖြစ်ခဲ့တဲ့ အာဏာသိမ်းမှုကို လေ့လာခဲ့တဲ့ သုတေသနစာတမ်းရဲ့ အဆိုအရ အာဏာသိမ်းစစ်တပ်က အင်တာနက်၊ ဖုန်းလိုင်းတွေ ဖြတ်တောက်လိုက်ပေမဲ့ ပထမရက်မှာတင် လူထုလှုပ်ရှားမှုဟာ ရပ်တန့်သွားတာ၊ အရှိန်အဟုန်ပြောင်းသွားတာမျိုး မဖြစ်ဘဲ စုရပ်နဲ့ဆုံချက် ပြောင်းသွားခြင်းသာ ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ တခါ အခြားနေရာ အမြောက်အမြားမှာလည်း အုပ်စုငယ်လေးတွေအသွင်နဲ့ စုဝေးဆန္ဒပြကြပါတယ်။ လူထုတော်လှန်ရေးမှာ တဦးချင်းစီရဲ့ ဆန္ဒပြခြင်း၊ မပြခြင်း ဆုံးဖြတ်ချက်က ကျရောက်လာမယ့် အန္တရာယ်အပေါ် ရင်ဆိုင်လိုစိတ် ရှိ၊ မရှိဆိုတာနဲ့ ပတ်ဝန်းကျင်က အခြားသူတွေက စွန့်စွန့်စားစားနဲ့ လမ်းပေါ်ထွက်ဆန္ဒပြခြင်း လုပ်၊ မလုပ်ဆိုတာတွေနဲ့ သက်ဆိုင်ပါတယ်။ အင်တာနက်ကို ဖြတ်လိုက်လို့ ချိတ်ဆက်ထားတဲ့ ကွန်ရက်တွေ ပြတ်တောက်မယ်၊ ဦးဆောင်မှုပေးနိုင်တဲ့ နိုင်ငံရေးခေါင်းဆောင်တွေနဲ့ သတင်းအချက်အလက် ပေးနိုင်တဲ့ မီဒီယာတွေဆီကလည်း သတင်းစကား မကြားရတော့ရင်တောင် လူတဦးချင်းရဲ့ ဆန္ဒပြခြင်း၊ မပြခြင်း ဆုံးဖြတ်ချက်က အင်တာနက် ရခြင်း၊ မရခြင်းနဲ့ မဆိုင်တော့ပါဘူး။ ရပ်ရွာထဲက သတ္တိရှိရှိ စွန့်လွှတ်စွန့်စားရဲတဲ့ မျက်နှာသိမိတ်ဆွေတွေရဲ့ လုပ်ဆောင်ချက်ကသာ ပိုပြီး လွှမ်းမိုးလာပါတယ်။ အရင်က အန္တရာယ်ကိုကြောက်ပြီး မထွက်ရဲသူဖြစ်ခဲ့ရင်တောင် ကိုယ့်ပတ်ဝန်းကျင်က စိတ်ဓာတ်ပြင်းပြသူတွေနဲ့ ချိတ်ဆက်မိတဲ့အခါ အများနည်းတူ အန္တရာယ်ကိုရင်ဆိုင်ပြီး ထွက်လာပါတော့တယ်။ ဒီအခါ ဆန္ဒပြပွဲကြီးအဖြစ် နေရာတခုတည်းမှာ ဆုံချက်ထားပြီး စုဝေးတာထက် ဒေသအနှံ့အပြားမှာ ဖြန့်ခွဲထွက် လှုပ်ရှားမှုတွေပေါ်လာပြီး ဆန္ဒထုတ်ဖော်မှုတွေကို ဖြိုခွင်းဖို့ စောင့်ဆိုင်းနေတဲ့ အာဏာပိုင်တွေကိုပါ လှည့်စားလာနိုင်မှာ ဖြစ်ပါတယ်။ **(ပုံ-၁ ကိုကြည့်ပါ)**





**ဆိုရှယ်မီဒီယာ ပိတ်ပင်မှု**

စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၃ ရက်မှ စတင်ကာ Facebook, Messenger နှင့် Instagram အပါအဝင် ဆိုရှယ်မီဒီယာ အသုံးပြုခွင့်ကို အာဏာသိမ်းစစ်ကောင်စီက ပိတ်ပင်ခဲ့ရာ မေ ၅ ရက်တွင် ရက် ၆၀ ရှိခဲ့ပြီဖြစ်သည်။ သို့သော် ဆိုရှယ်မီဒီယာမှတဆင့် သတင်းစီးဆင်းမှုမှာ အရှိန်အဟုန်ကောင်းစွာဖြင့် ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၅)

အင်တာနက် ဖြတ်တောက်ခြင်းအားဖြင့် လူထုလှုပ်ရှားမှုအရှိန်
လျော့ကျသွားမည်မဟုတ်ဆိုသော အယူအဆ

- **အင်တာနက်၊ မိုဘိုင်းများရှိစဉ် လူထုဆန္ဒပြမှုများ တနေရာထဲတွင် စုဝေးပုံနှင့် ဖြတ်တောက်ခံရသည့်အချိန်၌ မြေပြင်ချိတ်ဆက်မှုကိုအသုံးပြု၍ ပျံ့နှံ့စုဝေးကြပုံ (ပုံ -၁)**






### မိုဘိုင်းအင်တာနက် ဖြတ်တောက်မှု

စစ်အာဏာသိမ်းပြီးနောက်ပိုင်း မတ် ၁၅ ရက်မှစတင်ကာ မိုဘိုင်းအင်တာနက် (Cellular Data) ဖြတ်တောက်မှုကိုပြုလုပ်ခဲ့ရာ ဧပြီ ၅ ရက်တွင် ၂၁ ရက် ပြည့်ခဲ့ပြီဖြစ်သည်။ သို့သော် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုမှာ ရပ်တန့်မသွားဘဲ နေရာစုံ၊ အလွှာစုံ၊ ပုံသဏ္ဍာန်မျိုးစုံဖြင့် ဖြန့်ခွဲပေါ်ပေါက်လာခဲ့သည်။ ထို့အတူ ပြောက်ကျားဆန္ဒပြမှုများ၊ ညသပိတ်၊ အရုဏ်ဦးသပိတ်များနှင့် လူမဲ့သပိတ်များ ဖော်ဆောင်၍ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကို အရှိန်မပျက် ဆက်လုပ်နိုင်ခဲ့သည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၅)

## အင်တာနက် ဖြတ်တောက်ခြင်းအားဖြင့် လူထုလှုပ်ရှားမှုအရှိန် လျော့ကျသွားမည်မဟုတ်ဆိုသော အယူအဆ

### မြန်မာနိုင်ငံနှင့် ဆီလျော်သလား

စစ်အာရှင်စနစ်ဆန့်ကျင်ရေး မြန်မာ့လူထုတော်လှန်ရေးမှာ အင်တာနက်ကတဆင့် ချိတ်ဆက်မှုတွေဟာ ကနဦးကာလမှာ အရေးပါခဲ့ပါတယ်။ ဆန္ဒထုတ်ဖော်ဖို့ နေ့ရက်၊ နေရာ၊ ပုံသဏ္ဍာန် စသဖြင့် ချိန်သားကိုက်မှု ပေါင်းစပ်ညှိနှိုင်းမှုတွေ လုပ်ရာမှာ အလွန်အရေးပါခဲ့တာပါ။ ဒါကြောင့်လည်း အာဏာသိမ်းစစ်ကောင်စီဘက်က သူတို့အပေါ် လူအင်အားသုံး ဆန့်ကျင်မှုတွေ လျော့ကျအောင် ရက်ရက်စက်စက် ပစ်ခတ်နှိမ်နင်းခြင်းကစပြီး အင်တာနက်ကိုပါ ဖြတ်တောက်ဖို့လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီလောက်အရေးပါတဲ့ ဆက်သွယ်ရေးစနစ်ကို တဖြည်းဖြည်းချင်း စတင်ပြီး ဖြတ်တောက်ခံရချိန်မှာလည်း စစ်ကောင်စီက မျှော်လင့်သလို လူတွေလမ်းပေါ်ထွက် ဆန္ဒပြတာတွေ ရပ်တန့်သွားတာမျိုး မတွေ့ရပါဘူး။ ဒါကြောင့်ပဲ ဒီသုတေသနကို မြန်မာ့အခြေနေနဲ့ ဆက်စပ်စဉ်းစားဖို့ ဆီလျော်တဲ့လို့ ဆိုချင်ပါတယ်။ အာဏာသိမ်းခဲ့တဲ့ ဖေဖော်ဝါရီ ၁ ရက်က စတင်ပြီး ငါး ရက်အတွင်း ရန်ကုန်၊ မန္တလေးအပါအဝင် အချို့မြို့တွေမှာ လမ်းပေါ်ထွက် ဆန္ဒပြသူအချို့ ရှိလာပါတယ်။ ဒါ့ပေမဲ့ လှုပ်ရှားမှုရဲ့ ကနဦးကာလ ဖြစ်တာကြောင့် သိပ်မများခဲ့ပါဘူး။

စစ်အာဏာသိမ်းပြီး ခြောက်ရက်မြောက်ဖြစ်တဲ့ ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းမှာ အာဏာသိမ်းစစ်ကောင်စီက တနိုင်ငံလုံးအတိုင်းအတာနဲ့ အင်တာနက်သုံးစွဲမှုကို စတင် ဖြတ်တောက်လိုက်ပါတယ်။ လူမှုမီဒီယာသုံးစွဲခွင့်နဲ့ အခြား ပြည်တွင်းမီဒီယာများရဲ့ဝက်ဘ်ဆိုက်စာမျက်နှာတွေကိုလည်း ပိတ်ခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာတော့ နိုင်ငံအနှံ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှု အားကောင်းလာပါတယ်။ စစ်အာဏာရှင်တွေဟာ ဆန္ဒပြမှုတွေကို လျော့ကျသွားအောင် ညမထွက်ရအမိန့် ပုဒ်မ ၁၄၄ နဲ့ လူ ငါးဦးထက် ပိုမစုဝေးရ အမိန့်တွေကို ထုတ်ပြန်တားဆီးခဲ့တာတွေ လုပ်ခဲ့ပေမဲ့လည်း မြန်မာနိုင်ငံအနှံ့မှာ လူထုလှုပ်ရှားမှု ပိုအားကောင်းလာခဲ့ပြီး အလွှာစုံပါဝင်တဲ့ လူသန်းချီစုဝေးမှုတွေအထိ ဖြစ်လာခဲ့ပါတယ်။ **(ပုံ-၂ ကိုကြည့်ပါ)**




**အင်တာနက် အချိန်ပိုင်းဖြတ်တောက်မှု**

စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ကာ နေ့စဉ် နံနက် ၁ နာရီမှ ၉ နာရီအထိ အင်တာနက် အချိန်ပိုင်းဖြတ်တောက်မှုကို ပြုလုပ်ခဲ့ရာ ဧပြီ ၅ ရက်တွင် ရက် ၅၀ ပြည့်ခဲ့ပြီဖြစ်သည်။ သို့သော် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုမှာ အရှိန်ကောင်းစွာ ဆက်ရှိနေပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၅)

အင်တာနက် ဖြတ်တောက်ခြင်းအားဖြင့် လူထုလှုပ်ရှားမှုအရှိန် လျော့ကျသွားမည်မဟုတ်ဆိုသော အယူအဆ

## အာဏာသိမ်းပြီး ရက် ၆၀အတွင်း အင်တာနက်ဖြတ်တောက်ခံရမှုနှင့် စစ်အာဏာသိမ်းမှုကိုဆန့်ကျင်သည့် ဆန္ဒပြပွဲများအခြေအနေ (ပုံ - ၂)

**မတ် ၁၄ ရက်နောက်ပိုင်း မိုဘိုင်းအင်တာနက် ဖြတ်တောက်ပြီးနောက် ဆန္ဒပြမှုအခြေအနေ**

**မတ် ၁၅ ရက်မှ ၁၇ ရက်**

မြို့ပေါင်း ၄၁ မြို့ကျော်နှင့် ကျေးရွာများတွင် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများ ဆက်ရှိနေ။

**ဖေဖော်ဝါရီ ၁၅ ရက်တွင် အင်တာနက် အချိန်ပိုင်းဖြတ်တောက်မှုစတင်ခဲ့ပြီးနောက်ပိုင်း ဆန္ဒပြမှုအခြေအနေ**

**ဖေဖော်ဝါရီ ၂၂ ရက်**

နိုင်ငံအနှံ့အပြားတွင် **သန်းချီစုဝေး** စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုဖြစ်လာ။ ဆန္ဒပြသူအရေအတွက် သန်း ၂၀ ကျော်ရှိခဲ့။

**ဖေဖော်ဝါရီ ၆ ရက်တွင် နိုင်ငံအနှံ့ အင်တာနက် ဖြတ်တောက်အပြီး နောက်ပိုင်းရက်များ ဆန္ဒပြမှုအခြေအနေ**

**ဖေဖော်ဝါရီ ၇ ရက်မှ ၉ ရက်**

စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုတွင်ပါဝင်သူ နှစ်သန်းခန့်ရှိလာ၊ မြို့ပေါင်း ၁၂၀ ကျော်တွင် ဆန္ဒထုတ်ဖော်ခဲ့ကြ။

**စစ်အာဏာသိမ်းပြီး အင်တာနက် မဖြတ်တောက်သေးခင် ဆန္ဒပြမှုအခြေအနေ**

**ဖေဖော်ဝါရီ ၁ ရက်မှ ၆ ရက်**

ရန်ကုန်၊ မန္တလေးရှိ မြို့နယ်အချို့နှင့် အချို့မြို့နယ်များတွင် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများ အစပျိုးဖြစ်ပေါ်။

**စစ်တပ် အာဏာသိမ်း**

ဖေဖော်ဝါရီ ၁၊ ၂၀၂၁

မှတ်ချက် ဆန္ဒပြသူအရေအတွက်နှင့် နေရာများကို ပုဂ္ဂလိကမီဒီယာများဖြစ်သည့် 7 Days၊ Myanmar Now နှင့် RFA သတင်းဌာနများ၏ ဝက်ဘ်ဆိုက်များမှ ရယူထားသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၅)

# အင်တာနက် ဖြတ်တောက်ခြင်းအားဖြင့် လူထုလှုပ်ရှားမှုအရှိန် လျော့ကျသွားမည်မဟုတ်ဆိုသော အယူအဆ

တခါ အာဏာသိမ်းစစ်ကောင်စီက ဖေဖော်ဝါရီ ၁၅ ရက်ကစပြီး နံနက် ၁ နာရီကနေ ၉ နာရီ အထိ အင်တာနက်ဖြတ်တောက်မှုကို လုပ်ခဲ့ပါတယ်။ ဒါပေမဲ့လည်း လူထုဟာ ရတဲ့နည်းလမ်းနဲ့ ချိတ်ဆက်မှုကိုသုံးပြီး လူထုလှုပ်ရှားမှုကို အရှိန်မြှင့်ခဲ့ပါတယ်။ တချိန်တည်းမှာပဲ အာဏာသိမ်းစစ်ကောင်စီရဲ့ ရဲနဲ့စစ်တပ်က အင်အားသုံး အကြမ်းဖက်ဖြိုခွင်းပစ်ခတ်မှုတွေ လုပ်လာပါတယ်။ ဒီလိုလုပ်ခဲ့ပေမဲ့ ဖေဖော်ဝါရီ ၂၂ ရက်မှာ မြန်မာနိုင်ငံတဝန်းက လူသန်း ၂၀ ကျော် ပါဝင်တဲ့ လူထုလှုပ်ရှားမှုကို မြို့ပေါင်း ၃၀၆ မြို့ကျော်မှာ ပြုလုပ်နိုင်ခဲ့ကြတယ်လို့ ပုဂ္ဂလိက သတင်းမီဒီယာများက ဖော်ပြပါတယ်။ အင်တာနက်ဖြတ်တောက်ခံရမှုကြောင့် အချက်အလက် အတိအကျမသိရပေမဲ့ လူသူ ဝေးလံခေါင်းပါးတဲ့ ကျေးလက်တောရွာတွေမှာပါ စစ်အာဏာရှင် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကို ပြုလုပ်ခဲ့ကြတယ်လို့ ပါဝင်သူတွေရဲ့ ထုတ်ဖော်ပြောဆိုချက်တွေအရ သိရပါတယ်။

ဒီနောက်ပိုင်း မတ် ၁၅ ရက်ကစပြီး မိုဘိုင်းအင်တာနက် ဖြတ်တောက်မှုကို အာဏာသိမ်းစစ်ကောင်စီကလုပ်ခဲ့ပြီး ရန်ကုန်က မြို့နယ်ခြောက်ခုကိုလည်း စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ခဲ့ပါတယ်။ ဒါပေမဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုတွေဟာ ရပ်တန့်မသွားဘဲ နေရာစုံ၊ အလွှာစုံကနေ ပုံသဏ္ဍာန်မျိုးစုံနဲ့ ဖြန့်ခွဲပေါ်ပေါက်ခဲ့ပါတယ်။ အာဏာသိမ်းစစ်ကောင်စီဘက်က ရဲနဲ့စစ်တပ်ကလည်း အင်အားသုံး အကြမ်းဖက်ပစ်ခတ်မှုတွေကို ပိုလုပ်လာပြီး၊ တရားမဲ့သတ်ဖြတ်တာတွေ၊ ခြိမ်းခြောက်တာတွေကို နေ့ညမရွေး ရပ်ရွာတွေထဲအထိပါ လုပ်လာပြီး လူထုလှုပ်ရှားမှုကို ရက်ရက်စက်စက် ဖြိုခွင်းခဲ့ပါတယ်။ ပြည်သူတွေဘက်ကလည်း လမ်းပေါ်ထွက် စုဝေးဆန္ဒပြခြင်းထက် အစုအဖွဲ့တွေကိုအခြေပြုပြီး ပြောက်ကျားဆန္ဒပြမှုတွေ၊ ညသပိတ်တွေ၊ အရုဏ်ဦးသပိတ်တွေနဲ့ လူမဲ့သပိတ်တွေကို ဖော်ဆောင်ပြီး လူထုလှုပ်ရှားမှုကို အရှိန်မပျက် ဆက်လုပ်ခဲ့ကြပါတယ်။ ဒီအချက်တွေကို ကြည့်ခြင်းအားဖြင့်လည်း အာဏာသိမ်းစစ်ကောင်စီရဲ့ အင်တာနက်ဖြတ်တောက်မှုက ပြည်သူလူထုရဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှု ဆက်သွယ်ရေး ပြတ်တောက်သွားခြင်းမရှိတာကို ညွှန်းဆိုနေပါတယ်။

နိုင်ငံရေးသိပ္ပံသုတေသီ Navid Hassanpour ရဲ့ သုတေသနမှာ ထည့်သွင်းစဉ်းစားထားခြင်း မရှိပေမဲ့ မြန်မာနိုင်ငံရဲ့ လူထုလှုပ်ရှားမှုအတွက် အရေးကြီးတဲ့အချက်ကတော့ ဒီအင်တာနက် ဖြတ်တောက်မှုတွေနဲ့အတူ အာဏာသိမ်းစစ်တပ်က မြေပြင်မှာ အကြမ်းဖက်ဖြိုခွင်းမှုတွေကို မီးကုန်ယမ်းကုန် အရှိန်မြှင့်ပြီးလုပ်လာခဲ့ရင် လူထုဆန္ဒပြတွေအတွက် ဘယ်လို သက်ရောက်စေမလဲဆိုတာ ဖြစ်ပါတယ်။ ဒီအချက်တော့ နောင်သုတေသနတွေအတွက် အရေးပါတဲ့ ကိန်းရှင် ဖြစ်နိုင်ပါတယ်။

**Further Readings**

Hassanpour, N. 2014. Media disruption and revolutionary unrest: Evidence from Mubarak's quasi-experiment. *Political Communication*, 31(1), 1-24.